# ACC Against COVID-19




## အစီအစဉ် (၆၈)

## COVID-19 ကာလ အလှူအတန်းများနှင့် အဂတိလိုက်စားမှု

တင်ပြသူ
ဒေါ်ဖြူဖြူဇင်

COVID-19 ကာလမှာ မြန်မာနိုင်ငံသားတို့ရဲ့ မူလစရိုက်လက္ခဏာတစ်ခုဖြစ်တဲ့ လှူဒါန်းထောက်ပံ့မှုများစွာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ COVID-19 ရောဂါပိုး စတွေ့ပြီးကတည်းက လူအများစုက မိမိတို့အနီးအနားမှာ နွမ်းပါးသူများနှင့် အခက်အခဲရှိနေသူများကို တစ်နိုင်တစ်ပိုင် လှူဒါန်းမှုတွေ လုပ်လာကြတယ်။ ခရီးသွားလာမှုများကို ကန့်သတ်လိုက်ခြင်း (lockdown) ကြောင့် စားဝတ်နေရေး အခက်အခဲတွေ့ကြုံနေရသူတွေကို ထောက်ပံ့ကူညီလာကြပါတယ်။



ထို့အတူ လုပ်ငန်းရှင်တွေကလည်း မိမိတို့ဝန်ထမ်းများ အပါအဝင်၊ အခြားသူများကို ပေးကမ်းလှူဒါန်းမှုများ ပြုလုပ်လာကြပါတယ်

လုပ်ငန်းရှင်တွေက လှူဒါန်းတဲ့အခါမှာတော့ တစ်နိုင်တစ်ပိုင် မဟုတ်တော့ဘဲ ကြီးမားသော အတိုင်းအတာပမာဏ များပြားစွာ လှူဒါန်းကြပါတယ်




လှူဒါန်းမှုတွေက တကယ့်ကို သာခုခေါ်စရာပါပဲ။ သို့သော် ဒီလိုလှူဒါန်းမှုတွေကနေ အလွဲသုံးစားမှုတွေ မဖြစ်ဖို့နဲ့ အဂတိလိုက်စားဖို့ လာဘ်ထိုးတဲ့ပုံစံနဲ့ လှူဒါန်းထည့်ဝင်တာမျိုးတွေ ဖြစ်မလာအောင် အာမခံချက်ရှိဖို့ကလည်း အရေးကြီးပါတယ်။

COVID-19ကာလမှာ အကျပ်အတည်း၊အခက်အခဲနဲ့ ရှားပါးမှုတွေကို အကြောင်းပြုပြီး နိုင်ငံတကာမှာလည်း ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ လော့ခ်ဒေါင်းဖြေလျှော့မှု၊ စစ်ဆေးရေးစတဲ့ ကဏ္ဍအသီးသီးမှာ အဂတိလိုက်စားမှုတွေ အနှံ့အပြား ဖြစ်ပေါ်နေပါတယ်။

အလှူအတန်းကို အကြောင်းပြုပြီး အဂတိလိုက်စားမှုတွေ ပေါ်ပေါက်မလာအောင်၊ ထိခိုက်နစ်နာမှုတွေ မရှိရလေအောင် အားထုတ်ကြဖို့လိုပါတယ်။




မကြာမီက ဘာသာ နှစ်မျိုးဖြင့် ထုတ်ဝေခဲ့တဲ့ ”မြန်မာကုမ္ပဏီများအတွက် စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဖြောင့်မှန်ရေး၊ ဂုဏ်သိက္ခာဆိုင်ရာ လက်စွဲ” စာအုပ်မှာတော့ လုပ်ငန်းတွေက သူတို့ရဲ့ လှူဒါန်းမှုတွေ ထိထိရောက်ရောက် ဖြစ်အောင် ဘယ်လို ထိန်းကျောင်းရမယ်၊ အလှူအတန်းအတွက် ဘယ်လိုမူဝါဒတွေ ထားရှိသင့်တယ် ဆိုတာတွေကို ဖော်ပြထားပါတယ်။ လက်တွေ့ကျင့်သုံးနိုင်မယ့် စံနှုန်းနဲ့ နမူနာတွေလည်း ဖော်ပြထားပါတယ်။

https://www.myanmar-responsiblebusiness.org/mm/news/handbook-business-integrity-for-myanmar-business.html

လှူဒါန်းထောက်ပံ့မှုတွေဟာ အစဉ်အမြဲ
ပွင့်လင်းမြင်သာမှု ရှိသင့်ပါတယ်။
လာဘ်ထိုးသလို တိတ်တဆိတ်လှူဒါန်းမှုတွေ မလုပ်သင့်ပါဘူး။

လှူဒါန်းမှုနဲ့ ပတ်သက်တဲ့ မှန်ကန်တဲ့ စာရင်းတွေကို ကုမ္ပဏီက
အမြဲတမ်း ပြုစုထိန်းသိမ်းထားပြီး အစီရင်ခံရပါမယ်။

တွဲဖက်လှူဒါန်းမှုတွေ၊ တစ်ဆင့်လှူဒါန်းမှုတွေ ရှိခဲ့ရင်လည်း
လှူဒါန်းမှုအတွက် ပူးတွဲဆောင်ရွက်တဲ့
မိတ်ဖက်အဖွဲ့အစည်းတွေကိုဖော်ပြဖို့ လိုပါတယ်။
လက်ခံရရှိသူက ဘယ်လို စီမံခန့်ခွဲတယ်ဆိုတာကို ကုမ္ပဏီက
သိရှိနားလည်ထားရပါမယ်။ မိမိ၏လှူဒါန်းငွေကို လက်ခံတဲ့အဖွဲ့က
စာရင်းတွေကို မှန်မှန်ကန်ကန် ပြုစုထိန်းသိမ်းထားဖို့ အစီရင်ခံဖို့
ကြိုတင်ညှိနှိုင်း သဘောတူထားရပါမည်။






အရေးကြီးဆုံးအချက်တစ်ချက်ကတော့ အလှူအတန်းကို အကြောင်းပြုပြီး အခြားအခွင့်အရေးကို မျှော်လင့်ဖို့ မသင့်လျော်တာပါ။ လှူဒါန်းမှုတွေက နှောင်ကြိုးမဲ့ ဖြစ်ရပါမည်။

တာဝန်ရှိသူ၊ ဆုံးဖြတ်ချက်ချမည့်သူတွေဆီက မျက်နှာသာရဖို့အတွက် အကျိုးလိုလို့ ညောင်ရေလောင်းတာမျိုး မဖြစ်ရပါဘူး။

တိုင်းပြည်အတွက်၊ လူထုအတွက် လှူဒါန်းမှုက သပ်သပ်၊ ကိုယ့်စီးပွားရေးအတွက် ရေရှည်တည်တံ့အောင် ကြိုးစားမှုက သပ်သပ်စီပဲ ဖြစ်သင့်ပါတယ်။ ဥပမာအားဖြင့် လုပ်ငန်းတင်ဒါအောင်တာဟာ မိမိလုပ်ငန်းက ကောင်းမွန်စွာဆောင်ရွက်နိုင်မယ့် အလားအလာရှိလို့၊ အရည်အချင်းမီလို့ ရလာတာမျိုးပဲ ဖြစ်သင့်ပါတယ်။ အရည်အချင်း မပြည့်မီရင် အလှူအတန်းကို အကြောင်းပြုပြီး ရေရှည် ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။

လျှုဒါန်းထောက်ပံ့မှုတွေ အကျိုးရှိထိရောက်ဖို့ နှစ်ဖက်လုံးမှာ တာဝန် ရှိပါတယ်။

တာဝန်ရှိသူဘက်ကလည်း မက်လုံးပေးပြီး လျှုဒါန်းဖို့ မဖိတ်ခေါ် သင့်သလို လျှုဒါန်းသူဘက်မှလည်း အခွင့်အရေးကို မျှော်လင့်ပြီး လျှုတာမျိုး မဖြစ်သင့်ပါဘူး။ အခွင့်အရေး ပိုမပေးသင့်ပါဘူး။ လျှုဒါန်းမှုကို အကြောင်းပြုပြီး အရည်အသွေးမမီတဲ့လုပ်ငန်းကို လက်ခံပေးရင် နောက်ဆက်တွဲဆိုးကျိုးတွေကို အားလုံးက ထိခိုက် ခံစားကြရမှာ ဖြစ်ပါတယ်။

လျှုဒါန်းထောက်ပံ့မှုကို အကြောင်းပြုပြီး အရည်အသွေးမမီတဲ့ လုပ်ငန်းဝန်ဆောင်မှုတွေ တင်ဒါအောင်မြင်သွားတာကို မီဒီယာနှင့် လေ့လာစောင့်ကြည့်သူတွေက လက်ခံကြမှာ မဟုတ်ပါဘူး။






စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဖြောင့်မတ်ဖို့
ဂုဏ်သိက္ခာရှိဖို့ ဆိုတာတွေဟာ
COVID-19ကာလ တစ်ခုတည်းအတွင်းမှာသာ
သက်ဆိုင်တာတော့ မဟုတ်ပါဘူး။
အထူးသဖြင့် လှူဒါန်းမှုနဲ့
စပ်လျဉ်း၍ လိုက်နာရမယ့်
စည်းမျဉ်းတွေဟာ ရွေးကောက်ပွဲ
ကာလအတွက်လည်း အရေးပါပါတယ်။
အသေးစိတ်ကိုတော့ လက်စွဲ စာအုပ်မှာ
လေ့လာနိုင်ပါတယ်။

ကျေးဇူးတင်ပါတယ်။